EthicsPoint အကြောင်း

တိုင်ကြားခြင်း – အထွေထွေ

တိုင်ကြားခြင်းဆိုင်ရာ လုံခြုံမှုနှင့် လျှို့ဝှက်ထားရှိမှု

အကြံပြုချက်များနှင့် အကောင်းဆုံး အလေ့အကျင့်များ

# EthicsPoint အကြောင်း

**EthicsPoint ဆိုတာဘာလဲ။**

EthicsPoint ဆိုသည်မှာ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ခုကို WWF က ပျိုးထောင်နေစဉ် လိမ်လည်မှု၊ အလွဲသုံးစားပြုမှုနှင့် အခြားလက်မခံနိုင်သော အပြုအမူကို ဖြေရှင်းရန် စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် ရပ်ရွာအဖွဲ့ဝင်များနှင့် အတူတကွ လုပ်ကိုင်နိုင်ရန် NAVEX က ဖန်တီးပေးပြီး WWF က အသုံးပြုသော ပြည့်စုံကျယ်ပြန့်ပြီး ယုံကြည်ရသည့် တိုင်ကြားရေး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

**EthicsPoint ကဲ့သို့သော စနစ်ကို ဘာကြောင့် လိုအပ်ပါသလဲ။**

- ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ အရေးအကြီးဆုံး ပိုင်ဆိုင်မှုများ ဖြစ်ကြပါသည်။ ပွင့်လင်းသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖန်တီးပေးခြင်းဖြင့် ကျွန်ုပ်တို့အနေဖြင့် အပြုသဘောဆောင်သော အလုပ်ပတ်ဝန်းကျင်ကို မြှင့်တင်ပေးနိုင်ပြီး ထုတ်လုပ်မှုစွမ်းအားကို များနိုင်သမျှ များစေပါသည်။
- Ethics Point သည် ဝန်ထမ်းများ စိုးရိမ်မှုများကို တိုင်ကြားရန် ရရှိနိုင်သော လမ်းကြောင်းများထဲမှ တစ်ခုဖြစ်သည်။ ဝန်ထမ်းများသည် သင်၏ လိုင်းစီမံခန့်ခွဲရေးထံသို့လည်း စိုးရိမ်မှုများကို တိုက်ရိုက် တင်ပြနိုင်ပြီး မိတ်ဖက်များနှင့် အများပြည်သူအဖွဲ့ဝင်များသည် မည်သည့် WWF ကိုယ်စားလှယ်ထံသို့မဆိုလည်း စိုးရိမ်မှုများကို တင်ပြနိုင်ပါသည်။
- ရပ်ရွာအဖွဲ့ဝင်များသည် ဒေသဆိုင်ရာ မကျေနပ်မှု ဖြေရှင်းရေး ယန္တရားများကို အသုံးပြုနိုင်သည် သို့မဟုတ် ပုဂ္ဂလိက Ombudsperson ထံသို့ တင်ပြနိုင်သည်။

- ထိရောက်သည့် တိုင်ကြားရေးစနစ်သည် သမာဓိရှိမှုနှင့် လူ့ကျင့်ဝတ်နှင့်ကိုက်ညီသော ဆုံးဖြတ်ချက်ချမှတ်ခြင်း အစဉ်အလာအား အားပေးမြှင့်တင်ပေးသည့် ကျွန်ုပ်တို့၏ အခြားအားထုတ်ကြိုးပမ်းမှုများကို တိုးပွားလာစေပါသည်။

# တိုင်ကြားခြင်း – အထွေထွေ

**မည်သို့သော အခြေအနေမျိုးကို ကျွန်ုပ်သတင်းပေးတိုင်ကြားသင့်ပါသလဲ။**

လိမ်လည်မှု၊ အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ အခြားလုပ်ငန်းခွင် မလျော်ကန်မှုများနှင့် ကျန်းမာရေးနှင့် ဘေးကင်းရေးဆိုင်ရာ စိုးရိမ်မှုများ အပါအဝင် ကန့်သတ်ချက်မရှိဘဲ ကျွန်ုပ်တို့၏ ဖော်ပြထားသော ကျင့်ဝတ်စည်းမျဉ်းကို သံသယရှိသော မည်သည့်ချိုးဖောက်မှုကိုမဆို တိုင်ကြားရန် ဝန်ထမ်းများနှင့် မိတ်ဖက်များကို တိုက်တွန်းပါသည်။

WWF ဝန်ထမ်းများ သို့မဟုတ် မိတ်ဖက်များက ကျူးလွန်သော အလွဲသုံးစားမှုများ၏ ပြင်းထန်သော စွပ်စွဲချက်များ အပါအဝင် မည်သည့် မကျေနပ်ချက်များကိုမဆို WWF စီမံကိန်းများကြောင့် ဆိုးကျိုးသက်ရောက်မှုခံရသော ရပ်ရွာအဖွဲ့ဝင်များကို တိုင်ကြားရန် တိုက်တွန်းပါသည်။

**အကယ်၍ ချိုးဖောက်မှုတစ်ခုကို ကျွန်ုပ်တွေ့မြင်ရပါက ကျွန်ုပ်၏ မန်နေဂျာ၊ လုံခြုံရေး သို့မဟုတ် လူ့စွမ်းအား အရင်းအမြစ်ဌာနတို့ကို တိုင်ကြားပြီး ၎င်းတို့အား ထိုကိစ္စကို မဖြေရှင်းစေသင့်ဘူးလား။**

သင့်အနေဖြင့် ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းကမ်းများကို ချိုးဖောက်သည့် အပြုအမူများကို တွေ့မြင်ရပါက တိုင်ကြားပေးရန် မျှော်လင့်ပါသည်။ အကောင်းဆုံးမှာ သင်၏ တိုက်ရိုက် မန်နေဂျာ သို့မဟုတ် ကျွန်ုပ်တို့ စီမံခန့်ခွဲရေးအဖွဲ့၏ အခြားအဖွဲ့ဝင်ထံ စိုးရိမ်မှုများကို သင်ပေးပို့သင့်ပါသည်။ သို့သော်လည်း အဆိုပါကိစ္စရပ်များကို ထိုကဲ့သို့ သတင်းပို့တင်ပြရန် အဆင်မပြေသည့် အနေအထားများလည်း ရှိနိုင်ကြောင်း ကျွန်ုပ်တို့ သတိပြုမိပါသည်။ အဆိုပါ အခြေအနေများအတွက် ကျွန်ုပ်တို့က NAVEX ဖြင့် လက်တွဲခဲ့ခြင်း ဖြစ်ပါသည်။ လိုအပ်ပါက ကျွန်ုပ်တို့သည် သတင်းအချက်အလက်များကို သင့်ထံမှာ ထိန်းသိမ်းထားမည့်အစား အမည်မဖော်ဘဲ တိုင်ကြားစေလိုပါသည်။

**ကျွန်ုပ်သိသည့်အရာကို အဘယ်ကြောင့် တိုင်ကြားသင့်သနည်း။ ကျွန်ုပ်အတွက် ဘာအကျိုးရှိပါသနည်း။**

ကျွန်ုပ်တို့အားလုံးသည် ကောင်းမွန်သည့် ပတ်ဝန်းကျင်တွင် အလုပ်လုပ်ရန် အခွင့်အရေးရှိပြီး ၎င်းအခွင့်အရေးနှင့်အတူ ကောင်းမွန်သည့် ကိုယ်ကျင့်တရားနှင့်အညီ အလုပ်လုပ်ရန်နှင့် တစ်စုံတစ်ယောက်သည် ကောင်းမွန်စွာ မပြုမူပါက သင့်လျော်သည့်သူများအား အသိပေးရန် တာဝန်ရှိပါသည်။ အတူတကွ လုပ်ဆောင်ခြင်းဖြင့် ကောင်းမွန်၍ စွမ်းဆောင်ရည် မြင့်မားသော

ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ပါသည်။ တိုင်ကြားခြင်းမရှိသော မလျော်ကန်သော အပြုအမူသည် အဖွဲ့အစည်းတစ်ခုလုံး၏ တည်ရှိမှုကိုပင် ခြိမ်းခြောက်နိုင်သည်။

**စီမံခန့်ခွဲရေးက ကျွန်ုပ်ကို တကယ် တိုင်ကြားစေချင်ပါသလား။**

ကျွန်ုပ်တို့ သေချာပေါက် တိုင်ကြားစေလိုပါသည်။ အမှန်စင်စစ် ကျွန်ုပ်တို့သည် သင့် တိုင်ကြားမှုကို *လိုအပ်ပါသည်။* ကျွန်ုပ်တို့၏ အဖွဲ့အစည်းတွင် ကောင်းမွန်သည့် အရာဖြစ်စေ၊ ဆိုးရွားသည့် အရာဖြစ်စေ မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို သင် သိရှိပါသည်။ စိုးရိမ်ပူပန်ရသည့် အကြောင်းရင်းကို ဖြစ်စေသော လုပ်ဆောင်မှုအပေါ် ကနဦးသိရှိမှု သင့်တွင်ရှိကောင်းရှိနိုင်ပါသည်။ သင်၏ တိုင်ကြားခြင်းသည် WWF နှင့် ကျွန်ုပ်တို့ဝန်ထမ်းများအပေါ် ဖြစ်လာနိုင်သည့် အပျက်သဘောဆောင်သော သက်ရောက်မှုကို <u>အနည်းဆုံး</u> ဖြစ်စေနိုင်ပါသည်။ အပြုသဘောဆောင်သည့် အကြံပေးမှုများ ကမ်းလှမ်းပေးအပ်ခြင်းသည်လည်း ကော်ပိုရိတ် ဓလေ့များနဲ့ လုပ်ဆောင်ချက်များကို တိုးတက်စေနိုင်သည့် ကိစ္စရပ်များကို ရှာဖွေဖော်ထုတ်ရာတွင် အကူအညီပေးနိုင်ပါသည်။

**Ethics Point တွင် တင်သွင်းသော တိုင်ကြားမှုများသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။ ၎င်းတို့ကို မည်သူ ဝင်ရောက်ကြည့်ရှုနိုင်သနည်း။**

တိုင်ကြားစာများကို EthicsPoint ဟုခေါ်သည့် လုံခြုံစိတ်ချရသော ကွန်ပျူတာဆာဗာတွင် တိုက်ရိုက် ထည့်သွင်းပါသည်။ ဥပဒေချိုးဖောက်မှု အမျိုးအစားနှင့် အဖြစ်အပျက် ဖြစ်ပွားသည့်နေရာပေါ် မူတည်၍ တိုင်ကြားစာများကို စစ်ဆေးရန် တာဝန်ရှိသည့် ကုမ္ပဏီမှ သက်ဆိုင်ရာ အဖွဲ့ဝင် တစ်ယောက်ချင်းစီကိုသာ တိုင်ကြားစာများကို သိရှိနိုင်စေရန် NAVEX က လုပ်ဆောင်ပေးပါသည်။ ထိုတိုင်ကြားစာလက်ခံရရှိသူ တစ်ဦးချင်းကိုလည်း တိုင်ကြားစာများကို အထူးအလေးပေး လျှို့ဝှက်ထားရှိသွားရန် လေ့ကျင့်သင်ကြားပေးပြီးဖြစ်ပါသည်။

သိရန်လိုအပ်သူများသာ သိရှိစေမည်။ အမှုတွင် မည်သူမဆို ပါဝင်ပတ်သက်နေပါက ရာထူးမည်မျှပင် ကြီးမြင့်စေကာမူ ၎င်းတို့သည် အဆိုပါအမှုကို မြင်တွေ့ခွင့်ရမည်မဟုတ်ပါ။

**ယခုစနစ်သည် တစ်စုံတစ်ယောက်က ကျွန်ုပ်ကို စောင့်ကြည့်နေသည့် ဥပမာတစ်ခု မဟုတ်ဘူးလား။**

မဟုတ်ပါ။ EthicsPoint သည် ကျွန်ုပ်တို့၏ အတွေးအခေါ်များအားလုံးကို အပြုသဘောဆောင်စေရန် အဓိကထားပြီး လုံခြုံစိတ်ချပြီး ကျင့်ဝတ်နှင့်ကိုက်ညီသည့် လုပ်ငန်းခွင်ဖြစ်ကြောင်း သေချာအောင် လုပ်ဆောင်ပေးပါသည်။ သင့်ဘက်မှ ကျင့်ဝတ်ပိုင်းဆိုင်ရာ မရေရာမသေချာမှုများအတွက်

လမ်းညွှန်မှုကို ရှာဖွေရန်၊ အပြုသဘောဆောင်သော အကြံပေးမှုများ ပေးအပ်ရန်နှင့် စိုးရိမ်မှုများကို ပြောဆိုရန် အားပေးပါသည်။ ထိရောက်သော ဆက်သွယ်မှုသည် ယနေ့ခေတ် လုပ်ငန်းခွင်တွင် အရေးပါပြီး ယင်းသည် ပြောဆိုဆက်ဆံမှုကို တိုးတက်စေနိုင်သည့် ကောင်းမွန်သော အရာတစ်ခု ဖြစ်သည်။

မိမိတို့အနေဖြင့် အပြုသဘောဆောင်သည့် တိုင်ကြားမှု ပတ်ဝန်းကျင်ကို ထိန်းသိမ်းလျက် ကျွန်ုပ်တို့၏ စည်းကမ်းလိုက်နာရေး ဝတ္တရားများနှင့်ကိုက်ညီသည့် အကောင်းမွန်ဆုံး တိုင်ကြားမှုနည်းလမ်းများကိုသာ သေချာစွာ ရွေးချယ်ထားပါသည်။

# တိုင်ကြားခြင်းဆိုင်ရာ လုံခြုံမှုနှင့် လျှို့ဝှက်ထားရှိမှု

**ကုမ္ပဏီ၏ ကွန်ပျူတာမှ ကျွန်ုပ်ပေးပို့လိုက်သည့် တိုင်ကြားချက် တစ်ရပ်ရပ်သည် ကျွန်ုပ်၏ ကွန်ပျူတာနှင့် ချိတ်ဆက်ထားသည့် ဝဘ်ဆိုက်တိုင်းထံတွင် ပေါ်နေမည့် ဆာဗာမှတ်တမ်းတစ်ခုကို ထုတ်လုပ်ပေးသည်ဟု ကျွန်ုပ် နားလည်သဘောပေါက်ထားပါသည်။ အဆိုပါ မှတ်တမ်းသည် ကျွန်ုပ်ကို မူရင်းတိုင်ကြားသူအဖြစ် မဖော်ထုတ်စေနိုင်ဘူးလား။**

NAVEX အနေဖြင့် IP လိပ်စာများပါသည့် ရုံးတွင်း ဆက်သွယ်ရေး မှတ်တမ်းများကို ထုတ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း မပြုလုပ်ပါ။ ထို့ကြောင့် သင့် ကွန်ပျူတာနှင့် EthicsPoint ကို ချိတ်ဆက်ထားသော မည်သည့်အချက်အလက်မှ ပေါ်ပေါက်မည်မဟုတ်ပါ။

အကယ်၍ သင့်အနေဖြင့် သင့်အလုပ်ထဲမှ ကွန်ပျူတာကို အသုံးပြု၍ တိုင်ကြားမှု ပြုလုပ်ရန် အဆင်မပြေဟု ခံစားရပါက (အင်တာနက်ဆိုင်တွင်ရှိသော ကွန်ပျူတာ သို့မဟုတ် သူငယ်ချင်းအိမ်တွင်ရှိသည့် ကွန်ပျူတာ ကဲ့သို့သော) ကျွန်ုပ်တို့၏ လုပ်ငန်းခွင်ပြင်ပတွင်ရှိသည့် ကွန်ပျူတာဖြင့် EthicsPoint ၏ လုံခြုံသော ဝဘ်ဆိုက်မှတစ်ဆင့် အသုံးပြုရန် ရွေးချယ်ခွင့်ရှိပါသည်။ 12 ရာခိုင်နှုန်းထက်နည်းသည့် တိုင်ကြားစာများကိုသာ အလုပ်ချိန်အတွင်း ပေးပို့ကြကြောင်း NAVEX ၏ အချက်အလက်များက ဖော်ပြသောကြောင့် လူအများစုက ဤနည်းလမ်းကို ရွေးချယ်ကြပါသည်။

**ကျွန်ုပ်အနေဖြင့် နေအိမ်မှ နေ၍ အမည်မဖော်ပြဘဲ တိုင်ကြားနိုင်ပါသလား။**

အိမ်မှဖြစ်စေ၊ အိမ်နီးချင်း ကွန်ပျူတာမှဖြစ်စေ၊ မည်သည့် အင်တာနက်ပေါ်တယ်မှမဆိုဖြစ်စေ ပေးပို့လိုက်သည့် တိုင်ကြားစာများသည် လုံခြုံ၍ မည်သူမျှ မသိရှိနိုင်ပါ။ အင်တာနက် ပေါ်တယ်တစ်ခုသည် စခရင်ပေါ်တွင် ပေါ်လာသည့် နာမည်ဖြင့် ဝင်ရောက်လာသူသည် မည်သူမည်ဝါ ဖြစ်ကြောင်းကို မည်သည့်အခါမှ ဖော်ထုတ်ခြင်းမပြုသလို အမည်မဖော်ပြမှုကို အပြည့်အဝ ထိန်းသိမ်းနိုင်စေရန် EthicsPoint စနစ်သည် အင်တာနက် လိပ်စာများကိုလည်း ဖယ်ရှားပေးပါသည်။

**EthicsPoint သို့ ကျွန်ုပ်ပေးအပ်လိုက်သော အချက်အလက်များကြောင့် ကျွန်ုပ် မည်သူမည်ဝါဖြစ်ကြောင်း နောက်ဆုံးတွင် ပေါ်လွင်သွားမည်ကို စိုးရိမ်လှပါသည်။ ဤကဲ့သို့ ဖြစ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်ကို သင် မည်ကဲ့သို့ အာမခံမည်နည်း။**

EthicsPoint စနစ်သည် သင်မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်ကို အကာအကွယ်ပေးထားပါသည်။ သို့ရာတွင် တိုင်ကြားသူဖြစ်သည့် သင်သည် လူသိမခံလိုလျှင်

မိမိမည်သူမည်ဝါဖြစ်ကြောင်းကို တိုင်ကြားစာ စာကိုယ်တွင် အမှတ်တမဲ့ မဖော်ပြမိအောင် သေချာစိစစ်ရန် လိုအပ်ပါသည်။ ဥပမာ။ ။ “Jan Smith ရဲ့ဘေးက ကျွန်ုပ်နေရာမှ.......” သို့မဟုတ် “ကျွန်ုပ်ရဲ့ 33 နှစ်တာ ကာလမှာ.........”

## ကျွန်ုပ်ရဲ့တိုင်ကြားချက်ဖြင့် ကျွန်ုပ် မည်သူဖြစ်ကြောင်း ဖော်ပြလိုပါလျှင် မည်သို့ဖြစ်မည်နည်း။

သင်ဆန္ဒရှိပါက သင့်ကိုယ်သင် မည်သူဖြစ်ကြောင်း ဖော်ပြနိုင်ရန် တိုင်းကြားချက်တွင် အပိုင်းတစ်ခုပါဝင်ပါသည်။

# အကြံပြုချက်များနှင့် အကောင်းဆုံး အလေ့အကျင့်များ

**အချို့သူများသည် ကောင်းမွန်သည့် ကိုယ်ကျင့်တရားနှင့် မညီညွတ်သောအပြုအမူများကို ပြုလုပ်ကြသည်ကို ကျွန်ုပ် သတိထားမိသော်လည်း ကျွန်ုပ်အပေါ် သက်ရောက်မှု မရှိပါ။ ဘာကြောင့် ကျွန်ုပ်က ဒုက္ခခံ တိုင်ကြားရမည်နည်း။**

ကျွန်ုပ်တို့ အဖွဲ့အစည်းသည် ကျင့်ဝတ်သိက္ခာနှင့် လျော်ညီသည့် အပြုအမူကို အားပေးပါသည်။ ကျင့်ဝတ်သိက္ခာနှင့် မလျော်ညီသည့် အပြုအမူအားလုံးသည် နောက်ဆုံးတွင် သင်အပါအဝင် WWF နှင့် ဝန်ထမ်းအားလုံးကို ထိခိုက်စေပါသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော စီးပွားရေးလုပ်ငန်းနှင့် ပရဟိတနှင့် ပတ်သက်သည့် ကျင့်ဝတ် ဖောက်ဖျက်မှုများကို သင်စဉ်းစားကြည့်ရှုရုံဖြင့် ကျင့်ဝတ်သိက္ခာတွင် သတိလစ်ဟင်းမှုများသည် ကောင်းမွန်စွာ လည်ပတ်နေသော အဖွဲ့အစည်းအပေါ် အလွန်အမင်း ဆိုးရွားစွာ သက်ရောက်နိုင်ကြောင်းကို သဘောပေါက်နိုင်ပါသည်။ ကိုယ်ကျင့်တရားအရ လက်သင့်မခံနိုင်သည့် အပြုအမူများ သို့မဟုတ် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ဖောက်ဖျက်မှုများအကြောင်း သင်သိရှိထားပါက သင်နှင့် သင်၏ လုပ်ဖော်ကိုင်ဖက်များအတွက် တိုင်ကြားသင့်သည်ဟု ယူဆလိုက်ပါ။

**ကျွန်ုပ်တွေ့ရှိရသည့် သို့မဟုတ် ကြားရသည့် အရာသည် WWF မူဝါဒကို ချိုးဖောက်မှုရှိသလား သို့မဟုတ် ကိုယ်ကျင့်တရားအရ လက်သင့်မခံနိုင်သည့် လုပ်ရပ် ပါဝင်နေသလား မသေချာပါ၊ သို့သော် ကျွန်ုပ်အတွက်တော့ မမှန်မကန် ဖြစ်နေသည်ဟု ထင်မြင်မိပါသည်။ ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။**

တိုင်ကြားလိုက်ပါ။ သင့်တိုင်ကြားစာကို ခရေစေ့တွင်းကျ နားလည်သဘောပေါက်နိုင်အောင် ပြင်ဆင်တင်သွင်းရာတွင် NAVEX က ကူညီပေးနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဖြစ်နိုင်ခြေရှိသော ကျင့်ဝတ်နှင့် မညီသည့် အပြုအမူကို မစစ်ဆေးဘဲ ကျော်သွားခြင်းထက် အန္တရာယ်မရှိဟု သတ်မှတ်လိုက်သော အခြေအနေတစ်ခုကို သင်တိုင်ကြားခြင်းအား ပို၍လိုလားပါသည်။

**ကျွန်ုပ်၏ အထက်အရာရှိ သို့မဟုတ် အခြားမန်နေဂျာများသည် ချိုးဖောက်မှုတွင် ပါဝင်နေပါက မည်သို့ဖြစ်မည်နည်း။ ၎င်းတို့က တိုင်ကြားချက်ကို ရရှိပြီး ဖုံးကွယ်ဖို့ မကြိုးစားနိုင်ဘူးလား။**

တိုင်ကြားစာများတွင် နာမည်ပါဝင် ငြိစွန်းနေသူများ မသိရှိစေရန်နှင့် ကြည့်ရှုခွင့်မရစေရန် EthicsPoint စနစ်နှင့် သတင်းပို့ချက် ဖြန့်ဝေမှုစနစ်တို့က သေချာပြုလုပ်ပေးပါသည်။

**ကျွန်ုပ်အနေဖြင့် တိုင်ကြားချက်တင်ပြီးနောက် အရေးကြီးသည့် အကြောင်းအရာတစ်ခုကို သတိရမိပါက မည်သို့ဖြစ်မည်နည်း။ သို့မဟုတ် ကျွန်ုပ်၏ တိုင်ကြားချက်နှင့် ပတ်သက်၍ ကုမ္ပဏီက ထပ်မံမေးမြန်းလိုသည့် မေးခွန်းများ ရှိလာလျှင် မည်သို့ပြုလုပ်ရမည်နည်း။**

EthicsPoint ဝဘ်ဆိုက်၌ သို့မဟုတ် EthicsPoint ခေါ်ဆိုမှုစင်တာမှတဆင့် တိုင်ကြားချက် တင်သွင်းသည့်အခါ သင်သည် "တိုင်ကြားချက်သော့" ဟုခေါ်သော အလျှဉ်းသင့်သလို နံပါတ်တစ်ခု လက်ခံရရှိပြီး သင့်ကို စကားဝှက် ရွေးချယ်ခိုင်းပါသည်။ အင်တာနက် သို့မဟုတ် တယ်လီဖုန်းတစ်ခုခုဖြင့် နောက်တစ်ကြိမ် EthicsPoint စနစ်သို့ သင်ပြန်သွားနိုင်ပြီး နောက်ထပ် အချက်အလက်များ ထည့်သွင်းရန် သို့မဟုတ် ကျင့်ဝတ်နှင့် တည်ကြည်မှု ဌာနမှ WWF ကိုယ်စားလှယ် တင်သည့် မေးခွန်းများကို ဖြေဆိုရန် မူလ တိုင်ကြားချက်ထံ ဝင်ထွက်နိုင်ပါသည်။  သင်သည် မည်သည့်မေးခွန်းများကိုမဆို ဖြေဆိုရန် သတ်မှတ်ထားသည့် အချိန်တွင် ဆိုက်သို့ ပြန်သွားရန် ကျွန်ုပ်တို့ အလေးအနက် အကြံပြုပါသည်။ သင်နှင့် ကျင့်ဝတ်နှင့် တည်ကြည်မှု ဌာနတို့သည် ယခုအချိန်တွင် “တစ်ဦးနှင့် တစ်ဦး မသိရှိသည့် အပြန်အလှန် စကားပြောဆိုမှုအနေအထား” ဖြင့် အခြေအနေများကို ဖော်ထုတ်နိုင်ရုံသာမက မည်မျှပင်ရှုပ်ထွေးနေပါစေ ဖြေရှင်း၍ ရနိုင်သည့် အနေအထားသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

**တိုင်ကြားချက်များအပေါ် နောက်ဆက်တွဲပေးပို့သည့် အကြောင်းအရာများသည် ပထမအကြောင်းအရာများကဲ့သို့ လုံခြုံမှု ရှိပါသလား။**

EthicsPoint ၏ စာပေးစာယူအားလုံးကို ကနဦးတိုင်ကြားစာကဲ့သို့ပင် မည်သူမည်ဝါ ဖော်ပြခြင်းမရှိဘဲ တူညီသည့် တင်းကျပ်သော လျှို့ဝှက်မှုမျိုးဖြင့် ထားရှိပါသည်။

**ကျွန်ုပ်၏ တိုင်ကြားချက်သော့ ပျောက်သွားလျှင် သို့မဟုတ် စကားဝှက် မေ့သွားလျှင် မည်သို့လုပ်ဆောင်ရမည်နည်း။**

လုံခြုံမှုနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းထားရန် သင်သည် တိုင်ကြားချက်သော့ သို့မဟုတ် စကားဝှက် ပျောက်သွားပါက တိုင်ကြားချက်အသစ် ပြုလုပ်ရန် လိုအပ်ပါမည်။ တိုင်ကြားချက်အသစ်သည် ယခင်တင်သွင်းခဲ့သည့် တိုင်ကြားချက် သို့မဟုတ် မေးခွန်းနှင့် ဆက်စပ်ကြောင်းကို ထည့်သွင်းဖော်ပြပေးရပါမည်။

**အင်တာနက် ချိတ်ဆက်မှု မရှိပါက တိုင်ကြားချက်အား တင်သွင်းနိုင်ပါသေးသလား။**

အင်တာနက် ရရှိသည့် မည်သည့်ကွန်ပျူတာမဆိုမှ EthicsPoint သို့ တိုင်ကြားချက် တင်သွင်းနိုင်ပါသည်။ သင့်အိမ်မှနေ၍ တိုင်ကြားနိုင်ပါသည်။ အများပြည်သူ စာကြည့်တိုက်များ အပါအဝင် အများပြည်သူ ဝင်ရောက်နိုင်သည့်နေရာအများအပြားတွင် အင်တာနက် ချိတ်ဆက်မှုရှိသည့် ကွန်ပျူတာများ ရှိပါသည်။